# နိဒါန်း

## တရားဦးဓမ္မစကြာဖြစ်ပေါ်လာပုံ

အကျွန်ုပ်တို့ ကိုးကွယ်အားထားရာ သိဒ္ဓတ္ထမင်းသားအလောင်းတော်သည် မဟာသက္ကရာဇ် ၁၀၃–ခုနှစ် ( BC ၆ ရာစု) ကဆုန်လပြည့်နေ့တွင် သုံးလောက သရဖူ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ဘုရားဖြစ်တော်မူပြီး နောက် ကဆုန်လပြည့်ကျော် ၁–ရက်နေ့မှစပြီး သတ္တဋ္ဌာနဟုခေါ်ဆိုသော ပလ္လင်္က သတ္တာဟ၊ အနိမိသသတ္တာဟ၊ စင်္ကမသတ္တာဟ၊ ရတနာဃရသတ္တာဟ၊ အဇပါလ သတ္တာဟ၊ မုစလိန္ဒသတ္တာဟ၊ ရာဇာယတနသတ္တာဟ နေရာခုနစ်ခုတွင် ၇–ရက်စီ ၄၉–ရက် စံတော်မူခဲ့ပြီး ရက် ၅၀–မြောက် ဝါဆိုလဆန်း ၆–ရက်နေ့၌ အဇပါလ ခေါ် ညောင်ပင်အောက်သို့ ပြန်ကြွလာပါသည်။ အဇပါလညောင်ပင်အောက်၌ ထိုင်တော်မူရင်း ''ဘယ်သူအား ရှေးဦးစွာ သစ္စာတရား ဟောရအံ့နည်း၊ ဘယ်သူ သည် သစ္စာတရားကို လျင်မြန်စွာ သိနိုင်အံ့နည်း''ဟု တရားဟောရန် ပကတိ စိတ်ဖြင့် ကြံစည်တော်မူရာ အလောင်းတော်ဘဝတုန်းက ဆရာဖြစ်ခဲ့သော ကာလာမအနွယ် အာဠာရရသေ့အား တရားဟောရန် အကြံစည်ဖြစ်တော်မူ ၏။ အာဠာရရသေ့ကား ပညာဉာဏ်ရှိသော အာကိဉ္စညာယတန (လောကီ)ဈာန် သမာပတ်ရပုဂ္ဂိုလ် ဖြစ်လေ၏။ ထိုအခါ မြတ်စွာဘုရား၏ စိတ်အကြံကိုသိသော နတ်သားတစ်ဦးက ''အာဠာရရသေ့ ကွယ်လွန်သွားသည်မှာ ၇–ရက်ရှိပါပြီဘုရား'' ဟု လျှောက်လေ၏။ ထိုသို့လျှောက်သောအခါ မြတ်စွာဘုရားသည် ဉာဏ်တော် ဖြင့် ဆင်ခြင်ကြည့်တော်မူရာ အာဠာရရသေ့ ကွယ်လွန်သည်မှာ ၇–ရက်ရှိပြီး အာကိဉ္စညာယတန အရူပဘုံ၌ ရောက်နေကြောင်းကို သိမြင်တော်မူ၏။ မြတ်စွာ ဘုရားသည် အာဠာရရသေ့ ၇–ရက်အသေစောပြီး မဂ်ဖိုလ်တရားမှ ဆုံးရှုံးသွား သည်ကို သိရှိ၍ ''အာဠာရရသေ့အား ကြီးစွာသောဆုံးရှုံးမှုကြီး ဖြစ်လေစွ''ဟု စိတ်တော်တွင် ဖြစ်တော်မူ၏။

လပြည့်နေ့ နေဝင်လုဆဲအချိန်တွင် **''ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ''** စသည်ဖြင့် တရားဦးဓမ္မစကြာဒေသနာခေါ် ဓမ္မစက္ကပ္ပဝတ္တနသုတ်တော်ကို ဟောကြားတော်မူ၏။

## ဓမ္မစက္ကပ္ပဝတ္တနသုတ်တော်

ထိုဓမ္မစက္ကပ္ပဝတ္တနသုတ်တော်၏ အဓိပ္ပာယ်မှာကား မြတ်စွာဘုရားကိုယ်တော်မြတ်၏ သန္တာန်၌ဖြစ်သော တရားဟောမှုဒေသနာဉာဏ် သစ္စာလေးပါး ထိုးထွင်းသိမှု ပဋိဝေဓဉာဏ်တော်ဖြင့် ဝေနေယျသတ္တဝါတို့၏ သန္တာန်၌ သဒ္ဓါတရား, သတိပဋ္ဌာန်, သမ္မာဒိဋ္ဌိစသော တရားတို့ကို ဖြစ်စေ လည်စေတော်မူရာ သုတ်တော်၊ တစ်နည်းအားဖြင့် သဒ္ဓါတရား, သတိပဋ္ဌာန်, သမ္မာဒိဋ္ဌိစသော တရားများ ဖြစ်ပေါ်လာအောင် ဟောပြရာသုတ်တော်၊ တစ်ဖန်ဆိုရပြန်လျှင် စက်လက်နက်အလား ပဋိဝေဓဉာဏ် ဒေသနာဉာဏ်တော် နှစ်ပါးတို့ဖြင့် ကိလေသာရန်သူကို နှိမ်နင်းသတ်ဖြတ်ရာ သုတ်တော်ဟု ဆိုရပါမည်။

## ဓမ္မစကြာတရားအနှစ်ချုပ်

ယင်းတရားဦးဓမ္မစကြာဒေသနာခေါ် ဓမ္မစက္ကပ္ပဝတ္တနသုတ်တော်၌ ဘုရားရှင်သည် ပဉ္စဝဂ္ဂီတို့အား ရှောင်ကြဉ်ရမည့် အကျင့်ယုတ်တရား ၂–ပါး၊ လိုက်နာကျင့်ကြံရမည့် မဂ္ဂင် ၈–ရပ် မဇ္ဈိမပဋိပတ်၊ သစ္စာ ၄–ပါးအကျဉ်း၊ ကိုယ်တော်မြတ်အတွက် သစ္စာ ၄–ပါးတွင် တစ်ပါးပါး၌ ရထိုက်သော ဉာဏ် ၃–ပါးစီ ပြည့်စုံမှ ဘုရားအဖြစ် ဝန်ခံကြောင်း၊ အရှင်ကောဏ္ဍည သောတာပန်တည်ကြောင်း၊ ဓမ္မစကြာတရားဟောအပြီး ဘုမ္မစိုးနတ်များမှစ၍ ဗြဟ္မာ့ပြည်တိုင်အောင် ကောင်းချီးကြွေးကြော်ကြကြောင်း၊ မြေကြီးတုန်လှုပ်ကြောင်း၊ သဗ္ဗညုတဉာဏ်တော်၏ အာနုဘော်တော်ကြောင့် နတ်ဗြဟ္မာများ အရောင်ထက် အဆရာထောင်မက သာသော အရောင်အလင်းကြီး ဖြစ်ပေါ်လာကြောင်းတို့ကို အစဉ်အတိုင်း ဟောကြားထားပါသည်။

## ကျွတ်တမ်းဝင်သူများ

တရားဦးဓမ္မစကြာကို ဟောတော်မူပြီးသည်၏အဆုံးတွင် ပဥ္စဝဂ္ဂီငါးဦး၌ ပါဝင်သော အရှင်ကောဏ္ဍညသည် သောတာပန်အရိယာအဖြစ်သို့ ရောက်ရှိပါသည်။ နတ်ပြဟ္မာအပေါင်း ၁၈–ကုဋေလည်း ကျွတ်တမ်းဝင်ပါသည်။(ဝိ၊ဌ၊၃။၂၄၆) မိလိန္ဒပဉှကျမ်း၌မူ ကျွတ်တမ်းဝင်သည့် ၁၈–ကုဋေသည် ပြဟ္မာတို့ချည်းသာဖြစ်ကြောင်းနှင့် တရားထူးရသော နတ်တို့၏ အရေအတွက်သည်ကား မရေမတွက်နိုင်အောင် များပြားကြောင်း ဖော်ပြထားပါသည်။ ထို့ကြောင့် တရားဦးဓမ္မစကြာဒေသနာတော်သည် မရေတွက်နိုင်အောင် ကျွတ်တမ်းဝင်သူ များပြားသည်ဟု ဆိုရမည်ဖြစ်ပါသည်။

ထိုတရားဦး ဓမ္မစကြာဒေသနာတော်သည် သာသနာ့သမိုင်းတွင် ဓမ္မဒူတ သာသနာပြုမထေရ်တို့ ဟောပြောလေ့ရှိသော သုတ်တော်ဖြစ်ပါသည်။ သာသနာတော်နှစ်–၂၃၆ ခုနှစ်တွင် ဟိမဝန္တာသာသနာပြုခေါင်းဆောင်ဖြစ်သော အရှင်မဇ္ဈိမထေရ်သည် ယင်းသုတ်တော်ကို ဟိမဝန္တာအရပ်၌ ဟောကြားရာ ဝေနေယျ ၈၀–ကုဋေ ကျွတ်တမ်းဝင်ပါသည်။ (ဝိ၊ဌ၊၁။၅၁။မဟာဝံသ၊၁၂။၄၁၊၄၂) သီရိဓမ္မာသောကမင်း၏သားတော် အရှင်မဟိန္ဒထေရ်သည်လည်း သီရိလင်္ကာ အနုရာဓမြို့တော် နန္ဒနဉယျာဉ်၌ဟောရာ လူပုဂ္ဂိုလ် ၁၀၀၀ ကျွတ်တမ်းဝင်ကြောင်း (မဟာဝံသ ၁၅၊၂၁၈–၉)၌ ဆိုထားပါသည်။

သို့ဆိုလျှင် တရားဦးဓမ္မစကြာဒေသနာတော်သည် သာသနာသမိုင်းစဉ်အရ ကြည့်လျှင်လည်း အဦးအစ မွန်မြတ်လှသည့် ဘုရားနှုတ်ကပါဋ် တရားဦးဖြစ်ခြင်း၊ ဘဝသံသရာမှ ထွက်မြောက်လိုသူတိုင်း အကျင့်ယုတ်တရား ၂–ပါး ရှောင်ကြဉ်ပြီး မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းစဉ်ကို လိုက်နာကျင့်ကြံရခြင်း၊ တရားနာသူ ပရိသတ်မှာ နတ်ပြဟ္မာများ အများဆုံးဖြစ်ခြင်း၊ ထိုဝါဆိုလပြည့်နေ့၌ တရားရတနာ အတိအလင်း စတင်ဖြစ်ပေါ်ခြင်း၊ အရှင်ကောဏ္ဍညထေရ် သောတာပန်

